မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 5 , 2022 | Volume 57, Number 5

| ၅.၈.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၉၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၁၄၈.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၂၆.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၄၉.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၉.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၁.၁၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၅၂၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၈၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၁.၂၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၀၄၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## သြဂုတ် ၅ ရက်တွင် ရွှေလုပ်ငန်းရှင်များအသင်းက ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၂၀၈၀၀၀၀ ဖြင့် ဈေးပိတ်ခဲ့သော်လည်း ပြင်ပဈေးကွက်၌ ကျပ် ၂၄၄၀၀၀၀ အထိ စံချိန်တင်ထပ်မံမြင့်တက်ခဲ့

သြဂုတ် ၅ ရက်တွင် ရွှေလုပ်ငန်းရှင်များအသင်းက ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၂၀၈၀၀၀၀ ဖြင့် ဈေးပိတ်ခဲ့သော်လည်း ပြင်ပဈေးကွက်တွင် ကျပ် ၂၄၄၀၀၀၀ အထိ စံချိန်တင်ထပ်မံမြင့်တက်ခဲ့ကြောင်း ရွှေရောင်းဝယ်သူများထံမှသိရသည်။

သြဂုတ် ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက အခေါက်ရွှေတစ်ကျပ်သား ဈေးနှုန်းအားကျပ် ၂၀၈၀၀၀၀ ဝန်းကျင်ဖြင့်ဈေးဖွင့်သော်လည်း ပြင်ပဈေးကွက်တွင် ကျပ် ၂၄၄၀၀၀၀ ဝန်းကျင်အထိ စံချိန်တင်မြင့်တက်လာကြောင်း ရွှေရောင်းဝယ်သူများထံမှသိရသည်။

၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၁ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် သြဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် သြဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၅၅၀၀၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်းကို ကျော်လွန်လာခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ကျပ် ၁၃၁၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့သည်။

လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့် အမြင့်ဆုံးကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၂၀ ပြည့်နှစ်ဧပြီတွင် ၁၅၆၈-၁၇၂၉ ဒေါ်လာ၊ မေတွင် ၁၆၈၃-၁၇၄၈ ဒေါ်လာ၊ ဇွန်တွင် ၁၆၈၀-၁၇၇၉ ဒေါ်လာ၊ ဇူလိုင်တွင် ၁၇၆၉-၁၉၇၅ ဒေါ်လာ၊ သြဂုတ်တွင် ၁၈၅၉-၂၀၇၅ ဒေါ်လာ၊ စက်တင်ဘာတွင် ၁၈၄၈-၁၉၇၅ ဒေါ်လာ၊ အောက်တိုဘာတွင် ၁၈၅၈- ၁၉၃၃ ဒေါ်လာ၊ နိုဝင်ဘာတွင် ၁၇၆၄- ၁၉၆၆ ဒေါ်လာ၊ ဒီဇင်ဘာတွင် ၁၇၇၆-၁၉၀၆ ဝန်းကျင်ရှိခဲ့ခြင်းဖြစ်သည်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ရွှေဈေးနှုန်းအား သတ်မှတ်နိုင်ငံခြားငွေလဲနှုန်းအပေါ်မူတည်၍ အရောင်းအဝယ် ပြုလုပ်ရန် ညွှန်ကြားထားသော်လည်း ရွှေဆိုင်အများစုမှာ ပြင်ပပေါက်ဈေးဖြင့်သာ အရောင်း အဝယ်ပြုလုပ်နေကြကြောင်း သိရသည်။

လက်ရှိတွင် ရွှေအရောင်းဆိုင်များတွင် အဆိုပါသတ်မှတ်ဈေးနှုန်းအား အရောင်းဘောက်ချာတွင်သာရေး၍ ရောင်းချခြင်းဖြစ်ပြီး လက်တွေ့ဝယ်ယူရာတွင် ပြင်ပပေါက်ဈေးဖြင့်သာ ပေးချေဝယ်ယူနေရခြင်းဖြစ်သည်။ ရွှေဈေးနှုန်းအား သတ်မှတ်နိုင်ငံခြားငွေလဲနှုန်းအပေါ်မူတည်၍ အရောင်းအဝယ်ပြုလုပ်ရန် ညွှန်ကြားထားသော်လည်း ရွှေလုပ်ငန်းရှင်များမှ ဈေးကွက်တွင်မူ အဆိုပါဈေးဖြင့် ဝယ်ယူမရနိုင်ဘဲ ပြင်ပပေါက်ဈေးဖြင့်သာ ဝယ်ယူရောင်းချနေရသဖြင့်ယင်းကဲ့သို့ ရောင်းချနေရခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/235211

## လက်ရှိဘဏ္ဍာနှစ် လေးလအတွင်း ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ငါးသိန်းခွဲကျော်တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေဒေါ်လာ ၄၂၆ သန်းကျော်ရရှိ

လက်ရှိဘဏ္ဍာနှစ် လေးလအတွင်း ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ငါးသိန်းခွဲကျော်တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေဒေါ်လာ ၄၂၆ သန်းကျော်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၂၉ ရက်အထိ ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၅၅၈၇၀၀ ဒသမ ၂၇၆ တန်တင်ပို့မှုမှ တန်ဖိုးဒေါ်လာ ၄၂၆ ဒသမ ၄၁၁ သန်းရရှိထားသည်။ ယင်းအနက် ပင်လယ်ရေကြောင်းမှ ၄၁၉၁၂၀ ဒသမ ၃၀၉ တန်တင်ပို့မှုမှ ဒေါ်လာ ၃၃၂ ဒသမ ၄၁၁သန်း၊ နယ်စပ်မှ ၁၃၉၅၇၉ ဒသမ ၉၆၇ တန် တင်ပို့မှုမှဒေါ်လာ ၉၄ သန်းရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလကုန်အထိ ပင်လယ်ရေကြောင်းနှင့်နယ်စပ်မှတဆင့် ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ ဒေါ်လာသန်း ၁၅၇၀ ကျော်ရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ကထက် ဒေါ်လာ ၃၇၄ သန်းကျော် ပိုမိုရရှိခဲ့ကြောင်း သိရသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်းမှ ၁၂၄၂၇၇၅ ဒသမ ၂၃၁ တန်တင်ပို့မှုမှ ဒေါ်လာ ၉၆၆ ဒသမ ၄၀၇ သန်း၊ နယ်စပ်မှ ၇၈၆၉၂၀ ဒသမ ၆၅၁ တန်တင်ပို့မှုမှ ဒေါ်လာ ၆၀၄ ဒသမ ၃၀၀ သန်းဖြင့် စုစုပေါင်း ၂၀၂၉၆၉၅ ဒသမ ၈၈၂ တန်တင်ပို့မှုမှ ဒေါ်လာ ၁၅၇၀ ဒသမ ၇၀၇ သန်းရရှိခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပဲမျိုးစုံတန်ချန် ၁ ဒသမ ၆ သန်းကျော်တင်ပို့မှုမှ ဒေါ်လာ ၁ ဒသမ ၂ ဘီလျံနီးပါး ရရှိထားပြီး ယခင်နှစ်ထက် တင်ပို့မှုတန်ချိန်နှစ်သောင်းသုံးထောင်ကျော်လျော့ကျခဲ့သော်လည်း ဝင်ငွေဒေါ်လာသန်း ၁၉၀ နီးပါး အထိ ပိုမိုရရှိခဲ့သည်။

တစ်နှစ်အတွင်း နယ်စပ်မှတစ်ဆင့် ပြည်ပသို့ပဲအမျိုးမျိုးတင်ပို့မှုမှဒေါ်လာသန်း ၃၀၀ နီးပါးရရှိခဲ့ပြီး ပဲတီစိမ်းတင်ပို့မှုမှ ဒေါ်လာ ၁၈၈ သန်းကျော်ဖြင့် အများဆုံးဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နယ်စပ်မှတစ်ဆင့် ပြည်ပသို့ ပဲအမျိုးမျိုးတင်ပို့ရာ၌ မတ်ပဲတင်ပို့မှုမှ ဒေါ်လာ ဝ ဒသမ ၅၈ သန်း၊ ပဲတီစိမ်းတင်ပို့မှုမှ ဒေါ်လာ ၁၈၈ ဒသမ ၆၇ သန်း၊ ပဲစင်းငုံတင်ပို့မှုမှဒေါ်လာ ဝ ဒသမ ၂၉ သန်း၊ ကုလားပဲတင်ပို့မှုမှ ဒေါ်လာ ဝ ဒသမ ၃၇ သန်း၊ ပဲလွန်းတင်ပို့မှုမှ ဒေါ်လာ ၉ ဒသမ ၀၈ သန်း၊ ထောပတ်ပဲတင်ပို့မှုမှဒေါ်လာ ၂၀ ဒသမ ၉၈ သန်း၊ မြေထောက်ပဲတင်ပို့မှုမှ ဒေါ်လာ ၁၄ ဒသမ ၁၉ သန်း၊ အခြားပဲများတင်ပို့မှုမှ ဒေါ်လာ ၆၄ ဒသမ ၅၅ သန်းရရှိခဲ့သည်။

တစ်နှစ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှတဆင့် ပြည်ပသို့ပဲအမျိုးမျိုးတင်ပို့မှုမှ ဒေါ်လာသန်း ၇၇၀ ကျော်ရရှိခဲ့ပြီး မတ်ပဲတင်ပို့မှုမှ ဒေါ်လာ ၄၃၆ သန်း ကျော်နှင့်ပဲတီစိမ်းတင်ပို့မှုမှ ဒေါ်လာ ၂၂၄ သန်းကျော်ရရှိခဲ့ခြင်းဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းမှထွက်ရှိသည့် ပဲမျိုးစုံများအနက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ စသည့်ပဲအမျိုးအစားသုံးခုကို ပြည်ပသို့ အများဆုံးတင်ပို့နေခြင်းဖြစ်သည်။ ယင်းအနက် မတ်ပဲနှင့်ပဲစဉ်းငုံကို အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး ပဲတီစိမ်းကို တရုတ်နှင့် ဥရောပနိုင်ငံတချို့သို့ အဓိကတင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။မြန်မာနိုင်ငံတွင် နှစ်စဉ်ပဲမျိုးစုံ စိုက်ဧက ၁၁ သန်းကျော်ရှိပြီး မတ်ပဲနှင့် ပဲစင်းငုံစိုက်ပျိုးမှု ၃၅ ရာခိုင်နှုန်းကျော်ရှိသည်။

မြန်မာနိုင်ငံတွင် ပဲမျိုးစုံ ၁၈ မျိုးအား နှစ်စဉ်စိုက်ဧက စုစုပေါင်း ၁၁ ဒသမ ၄၅ သန်းခန့် စိုက်ပျိုးလျက်ရှိရာ ပဲတီစိမ်း ၂၆ ရာခိုင်နှုန်း၊ မတ်ပဲ ၂၅ ရာခိုင်နှုန်း၊ ပဲစင်းငုံ ၁၅ ရာခိုင်နှုန်း ကုလားပဲရှစ်ရာခိုင်နှုန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

**Source:** https://news-eleven.com/article/235214

## ထိုင်းနိုင်ငံက ကျွမ်းကျင်လုပ်သားများနှင့် ရင်းနှီးမြှုပ်နှံသူများကို ဗီဇာ ၁၀ နှစ် ထုတ်ပေးမည်

ထိုင်းနိုင်ငံသည် စက်မှုကဏ္ဍနှင့်ကုန်သွယ်ရေးကို မြှင့်တင်ရန်အတွက် ပြည်ပကျွမ်းကျင်သူများကိုဆွဲဆောင်ရန် ဗီဇာ ၁၀ နှစ် ထုတ်ပေးမည့်အစီအစဉ်သစ်ကို လာမည့်လတွင်လုပ်ဆောင်သွားမည်ဟု ဂျပန်၏ Nikkei Asia သတင်းတွင်ဖော်ပြခဲ့သည်။

နိုင်ငံ့စီးပွားရေးကို မြှင့်တင်ရန်နှင့်ဖွံ့ဖြိုးတိုးတက်ရန် အထူးသဖြင့် လျှပ်စစ်ကားများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ ဆေးဝါးများနှင့် ကာကွယ်ရေးကဏ္ဍတို့အတွက် ကျွမ်းကျင်လုပ်သား တစ်သန်းခန့်ကိုဖိတ်ခေါ်ရန် စီစဉ်နေကြောင်း ထိုင်းရင်းနှီးမြှုပ်နှံရေးဘုတ်အဖွဲ့၏ လက်ထောက်ညွှန်ကြားရေးမှူးချုပ် နာရစ်သာဒီစတီရာဆွတ်ဒီက ထုတ်ဖော်ပြောကြားခဲ့သည်။

ကာလရှည် နေထိုင်ခွင့်ဗီဇာသည် ပြည်ပနိုင်ငံများမှ အလားအလာမြင့်မားပြီး ကျွမ်းကျင်မှုရှိသည့် လူ့အရင်းအမြစ်များကို ရည်ရွယ်ခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာ ၁ ရက်မှစပြီး လျှောက်လွှာများကို လက်ခံသွားမည်ဟု နာရစ်ကပြောကြားခဲ့သည်။

ပင်စင်လစာပုံမှန်ရသည့် အငြိမ်းစားများနှင့် ပိုင်ဆိုင်မှုဒေါ်လာ ၁ သန်းကျော်ရှိသည့်ပုဂ္ဂိုလ်များလည်း ယင်းကာလရှည်နေထိုင်ခွင့်ဗီဇာကို လျှောက်ထားနိုင်သည်ဟု အစိုးရကပြောကြားခဲ့သည်။ လျှောက်ထားမှု အောင်မြင်သူများအတွက် အကျိုးကျေးဇူးများသည် အလွန်ကြီးမားမည်ဖြစ်သည်။ ၎င်းတို့သည် ဒစ်ဂျစ်တယ် အလုပ်ပါမစ်ရရှိမည်ဖြစ်ပြီး ဗီဇာကိုင်ဆောင်ထားသူအားလုံးအတွက် ဝင်ငွေခွန်ကို ၁၇ ရာခိုင်နှုန်းအထိ လျှော့ချပေးမည်ဖြစ်သည်။

ကုမ္ပဏီများအနေဖြင့် ဝန်ထမ်းခေါ်ယူရာတွင် ပြည်ပနိုင်ငံသားတစ်ဦး ခန့်အပ်ရန်အတွက် ထိုင်းနိုင်ငံသားလေးဦးကို ခန့်အပ်ရမည့် စည်းမျဉ်းစည်းကမ်းများကိုလည်း ပယ်ဖျက်သွားမည်ဟုသိရသည်။ ယင်းဗီဇာအစီအစဉ်သည် လုပ်ငန်းသစ်စတင်သူများအပါအဝင် အသေးစားနှင့်အလတ်စားကုမ္ပဏီများအတွက် အသုံးတည့်စေရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ယခုအစီအစဉ်သည် ကျွမ်းကျင်လုပ်သားများ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများကို အဓိကပစ်မှတ်ထားသည့် တတိယမြောက် ဗီဇာအစီအစဉ်ဖြစ်သည်။

၂၀၁၈ ခုနှစ်က စတင်လုပ်ဆောင်ခဲ့သည့် Smart Visa အစီအစဉ်သည် အများဆုံး လေးနှစ်ကြာ နေထိုင်ခွင့်ပေးခဲ့သည်။ ယင်းဗီဇာကိုင်ဆောင်ထားသူအများစုမှာ အမေရိကန်နှင့်ဥရောပမှ ဒစ်ဂျစ်တယ်ပိုင်း ကျွမ်းကျင်သည့် ရင်းနှီးမြှုပ်နှံသူများဖြစ်သည်။ မကြာမီစတင်တော့မည့် ၁၀ နှစ်ကြာ ဗီဇာသည် ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ အမေရိကန်နှင့် ဥရောပတို့တွင် နေထိုင်သူများကို ဆွဲဆောင်နိုင်လိမ့်မည်ဖြစ်ပြီး ထိုင်းနိုင်ငံ၏ စီးပွားရေးသည် အချိန်တိုကာလအတွင်း ဒေါ်လာ ၂၇.၆ ဘီလျံအထိ ချက်ချင်းမြင့်တက်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း နာရစ်ကပြောကြားခဲ့သည်။ "အဲဒီ ဗီဇာကိုင်ဆောင်ထားသူတွေဟာ တစ်ယောက်ကို ဘတ်တစ်သန်းလောက် သုံးစွဲလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ထားပါတယ်"ဟု နာရစ်ကဆိုသည်။

ယင်းကဲ့သို့ ကာလရှည် ဗီဇာထုတ်ပေးသည့် အစီအစဉ်သစ်ကြောင့် စက်မှုကဏ္ဍများနှင့် ထောက်ပံ့ရေးကွင်းဆက်များတွင် ဆန်းသစ်သည့် ဖန်တီးမှုများပြုလုပ်ရာတွင် အထောက်အပံ့များရနိုင်မည်ဖြစ်သည်။ COVID-19 ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်ခဲ့ရသည့် ထိုင်းသည် ပြည်တွင်းတွင် ပြည့်စုံလုံလောက်မှုများ ပိုမိုရရှိစေရန် ခရီးသွားကဏ္ဍအပေါ် မှီခိုမှုထက် စက်မှုလုပ်ငန်းကဏ္ဍများ ပိုမိုဖန်တီးရန် လိုအပ်နေသည်။

**Source:** https://news-eleven.com/article/235188

## ဆန်ဈေး၊ စပါးဈေး၊ ငရုတ်ဈေး၊ ပဲစင်းငုံနီဈေးတွေတက်တဲ့ ဒီတစ်ပတ်

ဒီတစ်ပတ်မှာတော့ ဆန်ဈေး၊ စပါးဈေး၊ ဆီဈေး၊ ငရုတ်ဈေး၊ ပဲစင်းငုံနီဈေးတွေ တက်လာတယ်လို့ စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) ရဲ့ ပေးပို့လာတဲ့သတင်းတွေအရ သိရပါတယ်။

ဆန်၊ စပါးဈေးတွေတက်နေတာဟာ သယ်ယူပို့ဆောင်စရိတ်မြင့်တက်မှု၊ ဆန်လက်ကျန်လျော့နည်းလာမှုနဲ့ ဝယ်ယူမှုများလာတဲ့အတွက်ကြောင့်ဖြစ်တယ်လို့ AMIA က ဆိုပါတယ်။

ဆန်ဈေးတွေကတော့ အမျိုးအစားအလိုက် ၁ တင်းခွဲတစ်အိတ်ကို ကျပ်ထောင်ဂဏန်းကနေ သောင်းဂဏန်းအထိ ဈေးတွေတက်လာတာဖြစ်ပြီး ပြင်ပဈေးကွက်မှာတော့ ရွှေဘိုပေါ်ဆန်း အကောင်းဆုံးအမျိုးအစားတစ်အိတ်ဟာ ကျပ် ၁ သိန်းနားထိ ရောက်သွားတာဖြစ်ပါတယ်။ ဒီတစ်ပတ်အတွင်း ငရုတ်သီးဈေးတွေလည်း တက်လာပါတယ်။ ဈေးကွက်ထဲအဝင်နည်းမှု၊ တင်ပို့မှုလည်းရှိနေမှု၊ သယ်ယူပို့ဆောင်စရိတ်မြင့်တက်မှုတွေကြောင့် ဆက်တိုက်ဈေးမြင့်တက်နေတာဖြစ်တယ်လို့ AMIA ရဲ့ သတင်းပေးပို့ချက်အရ သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ငရုတ်သီးစိမ်းဟာ အမျိုးအစားအလိုက် တစ်ပိဿာကို ကျပ် ၁၀၀၀ ကနေ ကျပ် ၃၀၀၀ လောက်ထိ ဈေးတွေတက်သွားတာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်မှာ ငရုတ်(ဆင်ဖြူကျွန်း)က တစ်ပိဿာကို ၁၂၀၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၀၀၀ ကျပ်၊ ငရုတ်(မြစ်ဝ)က တစ်ပိဿာကို ၁၅၀၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၀၀၀ ကျပ်၊ ကျောက်ဆည်(ဒီမွန်)က တစ်ပိဿာကို ၁၅၀၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၃၀၀၀ ကျပ် ၊ မြွားနီ(ဟသ်ာတ)က တစ်ပိဿာကို ၁၃၀၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၀၀၀ကျပ်၊ ပန်းရဲ(သစ်)က တစ်ပိဿာကို ၁၃၀၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၀၀၀ ကျပ် အသီးသီးဈေးတက်လာတာဖြစ်ပါတယ်။

ပဲဈေးနှုန်းတွေအနေနဲ့တော့ မတ်ပဲက ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ဈေးအတက်အကျ အများကြီးမရှိပါဘူး။ ဒေါ်လာဈေးတွေမြင့်တက်မှုတွေရှိနေပေမယ့် အတက်ဈေးကို စောင့်ပြီးရောင်းချတာတွေ၊ အဝယ်ရှိပြီး အရောင်းမရှိတာတွေ ၊ ဈေးကို ပြန်ထိန်းရောင်းချမှုနဲ့ တင်ပို့ရောင်းချမှုနဲ့ပတ်သတ်တဲ့ မူဝါဒတွေကြောင့် ဈေးကတန့်နေတာဖြစ်တယ်လို့ သိရပါတယ်။

ပဲစင်းငုံနီကတော့ ပြီးခဲ့တဲ့အပတ်ကအထိ အပြောင်းအလဲအနည်းငယ်နဲ့ ဈေးငြိမ်ပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးက ပြန်တက်လာပါတယ်။ လက်ကျန်လျော့နည်းတဲ့အတွက်ကြောင့် ဈေးတက်လာတာဖြစ်ပြီး မတ်ပဲနည်းတူ သယ်ယူပို့ဆောင်ရေးဆိုင်ရာမူဝါဒအပြင် အခြားငွေကြေးလဲလှယ်မှုနှုန်းဈေးမြင့်တက်မှုတွေကြောင့် တက်လာတာဖြစ်တယ်လို့ AMIA ရဲ့ သတင်းပေးပို့မှုမှာ ဖော်ပြထားပါတယ်။

(စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများကို ဖော်ပြခြင်းဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/market_price_for_aug5

## အာဖရိကမှ တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ် လတ်ဆတ်သော ထောပတ်သီးများတင်ပို့



https://xinhuamyanmar.com/mm

ကင်ညာနိုင်ငံ Limuru မြို့နယ်ရှိ Sunripe စက်ရုံမှ တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ် လတ်ဆတ်သော ထောပတ်သီးတင်ပို့မှု အခမ်းအနားကို ဩဂုတ် ၂ ရက်တွင် ကျင်းပခဲ့သည်။ ထိုနေ့တွင်ပင် ထုပ်ပိုးတင်ပို့မှု ပြီးစီးခဲ့သည့် ထောပတ်သီးအပြည့် တင်ဆောင်ထားသော ကွန်တိန်နာ ၄ လုံးအား တရုတ်နိုင်ငံ ပေကျင်း၊ ရှန်ဟိုင်း၊ ကွမ်ကျိုး စသည့်မြို့များသို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။ ယင်းမှာ အာဖရိကမှ တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ် လတ်ဆတ်သော ထောပတ်သီးများ တင်ပို့မှုဖြစ်ကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/mm-cn/nc-2204080020/

## ဇူလိုင်လအတွင်း ထိုင်းနိုင်ငံသို့ ပြည်ပခရီးသွားဝင်ရောက်မှု အယောက်တစ်သန်းကျော်ရှိလာ

ဇူလိုင်လအတွင်း ထိုင်းနိုင်ငံသို့ပြည်ပ ခရီးသွားဝင်ရောက်မှုသည် ၂၀၂၀ ပြည့်နှစ် အစောပိုင်းကာလ ပထမဆုံးအဖြစ် အယောက်တစ်သန်းကျော်ရှိလာကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် ခရီးသွားလုပ်ငန်းကို အဓိကစီးပွားရေး အဖြစ်မှီခိုနေပြီး ဇွန်လတွင် ပြည်ပခရီးသွား ခုနစ်သိန်းခွဲကျော်ရှိခဲ့ရာမှ ဇူလိုင်လတွင် ၁ ဒသမ ၀၇ သန်းအထိ ရောက်ရှိလာခြင်းဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးကော်မတီက ဩဂုတ် ၄ ရက်တွင်ပြောသည်။

ထိုင်းနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ပြည်ပခရီးသွား ၂ ဒသမ ၀၆ သန်းအထိရှိခဲ့ရာမှ နောက်ပိုင်းတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နယ်စပ်ဝင်ပေါက်များကိုပိတ်လိုက်ရသည့်အတွက် ပြည်ပခရီးသွား သိသိသာသာ ကျဆင်းသွားသည်။ ထို့ပြင် ၂၀၁၉ ခုနှစ် တစ်နှစ်လုံးတွင် ပြည်ပခရီးသွား သန်း ၄၀ ကျော်အထိ ဝင်ရောက်ခဲ့သော်လည်း ပြီးခဲ့သည့်နှစ်တွင်မူ ပြည်ပခရီးသွား ၄၂၈၀၀၀ ခန့်သာ ဝင်ရောက်နိုင်ခဲ့သည်။

ယခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ချမှတ်ထားသည့် ပြည်ဝင်ခွင့် ကန့်သတ်ချက်များကို ဖြေလျှော့ပေးပြီးနောက် ပထမခုနစ်လအတွင်း ခရီးသွားအရေအတွက်သည် ပြီးခဲ့သည့်နှစ်ကထက် ရာခိုင်နှုန်း ၅၃၀၀ နီးပါးမြင့်တက်ကာ ပြည်ပခရီးသွား ၃ ဒသမ ၁၅ သန်း ဝင်ရောက်ခဲ့ပြီး ဘတ် ၁၅၇ ဘီလီယံအထိ ငွေကြေးသုံးစွဲမှုရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

အလားတူ ဝန်ကြီးချုပ်ကလည်း ယခုနှစ်တွင် နိုင်ငံအတွင်းသို့ ပြည်ပခရီးသွား ၁၀ သန်းအထိဝင်ရောက်လာစေရေး မျှော်မှန်းထားပြီး ခရီးသွားလုပ်ငန်း ပိုမိုအားကောင်းလာမှုကြောင့် နိုင်ငံ၏ စီးပွားရေး တိုးတက်မှုမှာ ခန့်မှန်းထားသည်ထက်ပင် ပိုနိုင်ကြောင်း ဗဟိုဘဏ်က ထုတ်ပြန်ထားသည်ဟုသိရသည်။

**Source:** https://www.myawady.net.mm/node/28879

## အိန္ဒိယရေနံဈေးကွက်မှာ ပိုမိုနေရာရလာတဲ့ ရုရှားရေနံ



https://www.myawady.net.mm/node/28925

ဒီကနေ့ အိန္ဒိယနိုင်ငံရဲ့ ရေနံဈေးကွက်မှာ ဈေးကွက်ဝေစုနဲ့ နေရာပိုရလာတာကတော့ ရုရှားရေနံပဲဖြစ်ပါတယ်။အရင်က အိန္ဒိယရေနံဈေးကွက်မှာ ဆော်ဒီအာရေဗျရေနံက နေရာယူထားတာပါ။

ဒါပေမဲ့ အိန္ဒိယက ဆော်ဒီအာရေဗျကနေတင်သွင်းမှုကြောင့် ကုန်ကျရတဲ့ စရိတ်စကထက် ရုရှားဆီကနေလျှော့ဈေးနဲ့ရနေတာက ပိုတန်တဲ့အတွက် ရုရှားရေနံက ပိုမိုတင်သွင်းလာတာဖြစ်ပါတယ်။ အခုဆိုရင် ရုရှားနိုင်ငံက အိန္ဒိယနိုင်ငံအတွက် ဒုတိယမြောက် အကြီးဆုံးရေနံတင်ပို့ရောင်းချသူဖြစ်လာပါပြီ။ ပထမနေရာမှာရှိနေသူက အီရတ်နိုင်ငံပါ။

ရုရှား-ယူကရိန်းပဋိပက္ခ စတင်ဖြစ်ပွားပြီးနောက် အနောက်အုပ်စုက ရုရှားအပေါ် အရေးယူပိတ်ဆို့မှုတွေချမှတ်သလို ဥရောပကလည်း သူ့ရဲ့စွမ်းအင်လိုအပ်မှုအတွက် ရုရှားအပေါ်မှီခိုနေရမှုကို လျှော့ချလာစဉ်မှာ အိန္ဒိယနဲ့တရုတ်တို့က ရုရှားအတွက် အဓိကရေနံဈေးကွက်ဖြစ်လာတာပါ။

ဥရောပသမဂ္ဂအနေနဲ့ ရုရှားနိုင်ငံဆီကနေ ရေနံစိမ်းနဲ့စက်သုံးဆီများ တင်သွင်းရမှုအားလုံးကို အခုနှစ်ကုန်မှာ ရပ်ဆိုင်းဖို့စီစဉ်ထားပါတယ်။ ဥရောပဘက်က ဒီလိုမျိုးစီစဉ်ထားမှုကို အကြိုက်ဆုံးကတော့ အိန္ဒိယနဲ့တရုတ်ပါပဲ။ အဲဒီအာရှ အင်အားကြီးနှစ်နိုင်ငံက သူတို့နိုင်ငံအတွက် လိုအပ်တဲ့စွမ်းအင်တွေကို ရုရှားဆီကနေ ပိုမိုရရှိလာမယ့်အတွက်ဖြစ်ပါတယ်။

ဇူလိုင်လအထိတရားဝင် စာရင်းဇယားတွေအရဆိုရင် အိန္ဒိယနဲ့တရုတ်နိုင်ငံတို့က ရုရှားရဲ့ရေလမ်းကြောင်းမှ ရေနံတင်ပို့မှုစုစုပေါင်းအနက် ၅၅ ရာခိုင်နှုန်းကို ရရှိနေတယ်လို့သိရပါတယ်။ အိန္ဒိယနိုင်ငံဆိုတာ သူ့နိုင်ငံအတွက် လိုအပ်တဲ့စွမ်းအင် ၈၅ ရာခိုင်နှုန်းကို ပြည်ပကနေ တင်သွင်းနေရတာပါ။ မနှစ်တုန်းက ရုရှားဟာ အိန္ဒိယနိုင်ငံအတွက် နဝမမြောက် ရေနံတင်ပို့ရောင်းချသူအဖြစ်သာရှိနေရာမှ ဒီနှစ်မှာတော့ ဒုတိယနေရာအထိရောက်ရှိလာခဲ့တာဖြစ်ပါတယ်။

မေလအတွင်းတုန်းက ရုရှားဟာ အိန္ဒိယနိုင်ငံဆီကို ရေနံစိမ်းတစ်စည်လျှင် ဆော်ဒီအာရေဗျက ရောင်းချတဲ့ဈေးထက် ၁၉ ဒေါ်လာလျှော့ပြီး ရောင်းချခဲ့တာပါ။ ဇွန်လအတွင်းမှာတော့ ၁၃ ဒေါ်လာလျှော့ပြီး ရောင်းပေးခဲ့တာဖြစ်ပါတယ်။ ဆော်ဒီအာရေဗျကတော့ သူ့ရဲ့ရေနံတွေကို အိန္ဒိယဈေးကွက်ဆီ မရောင်းရလို့ အရှုံးတော့မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ဥရောပသမဂ္ဂက ရုရှားဆီကအစား ဆော်ဒီအာရေဗျဆီကနေ ရေနံတွေ တင်သွင်းလာမှာဖြစ်တဲ့အတွက်ပါပဲ။

**Ref: Oil Price**

https://www.myawady.net.mm/node/28925

## Biofach အော်ဂဲနစ်ပြပွဲတွင် မြန်မာလက်ဖက်နှင့်လက်ဖက်ခြောက်ထုတ်ကုန်များ ပါဝင်ပြသ




ဂျာမနီနိုင်ငံ၊ နူရင်ဘတ်မြို့တွင် ကမ္ဘာ့ထိပ်တန်း အော်ဂဲနစ်ထုတ်ကုန်ပြပွဲကြီးဖြစ်သည့် Biofach Organic ပြပွဲကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်မှ ၂၉ ရက်နေ့အထိ (၄) ရက်တိုင်ပြပွဲတွင် ကိုယ်တိုင်လာရောက်ခင်းကျင်းပြသခြင်းနှင့် ဒစ်ဂျစ်တယ်အွန်လိုင်းဖြင့်ပြသခြင်း ပုံစံနှစ်မျိုးဖြင့် Messe Nuremberg တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ပြပွဲတွင် အော်ဂဲနစ်စားသောက်ကုန်များအပြင် Organic Non-food များဖြစ်သည့် အိမ်သုံးပစ္စည်း၊ အလှကုန်၊ အထည်၊ ဆေးဝါး၊ အပင်နှင့်မျိုးစေ့များ အစရှိသည်တို့ကို နိုင်ငံများစွာမှ အော်ဂဲနစ်ကုမ္ပဏီများက လာရောက်ပြသကြပါသည်။ ထို့အပြင် ပြပွဲတွင် အော်ဂဲနစ်ထုတ်ကုန်ဆိုင်ရာ ဆွေးနွေးပွဲဖိုရမ်များ၊ Congress များ၊ ကျွမ်းကျင် ပညာရှင်များ၏ ဟောပြောပို့ချချက်များ၊ Exhibitor များ၏ တင်ဆက်ပြသမှုများဖြင့် နေ့စဉ်ကျင်းပဆောင်ရွက်ခဲ့ပါသည်။ ပြပွဲလက်မှတ်ဝယ်ယူသူများသည် on site ပြပွဲအပြင် အွန်လိုင်းပြသမှု နှစ်မျိုးလုံးကို ကြည့်ရှုလေ့လာခွင့်ရရှိကြပါသည်။ ပြပွဲမတိုင်မီနှင့် ပြပွဲကာလများအတွင်း ဒစ်ဂျစ်တယ်အွန်လိုင်းစနစ်ဖြင့် Exhibitor နှင့် Visitor များအကြား ချိတ်ဆက်ဆောင်ရွက်မှု၊ တွေ့ဆုံဆွေးနွေးမှုများလည်းပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ထား ပါသည်။

ပြပွဲတွင် Organic Africa Pavilion နှင့် BioTrade Asia Pavilion နှစ်ခုကို တစ်ခုတည်းအဖြစ် ပေါင်းစည်းထားသည့် Pavilion (Hall 3A-320) ၌ အာရှဒေသမှ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့မှ ကုမ္ပဏီများက Biotrade Asia Pavilion တွင် ပါဝင်ပြသကြပါသည်။ Pavilion Organizer အဖြစ် Profound Advisors in development (နယ်သာလန်) က တာဝန်ယူဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံမှ ဂျာမနီနိုင်ငံသို့ အော်ဂဲနစ်လက်ဖက်ခြောက်များ ထုတ်လုပ်တင်ပို့နေသည့် မောရှမ်းကုမ္ပဏီက ကိုယ်တိုင်လာရောက်ပြသပါသည်။ Yatha Waddi ကုမ္ပဏီ (Paline လက်ဖက်) က ဒစ်ဂျစ်တယ်အွန်လိုင်းဖြင့်ပါဝင်ပြသ၍ ထုတ်ကုန်များခင်းကျင်းပြသမှုကိုလည်း ဆောင်ရွက်ထားရှိကာ မြန်မာနိုင်ငံရှိ Helvetas အဖွဲ့အစည်းမှ တာဝန်ရှိသူများက ပြသရှင်းလင်းမှုပြုလုပ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံ ဦးကာက လက်ဖက်ကုမ္ပဏီမှ ကိုယ်စားလှယ် (၁) ဦးက Visitor အဖြစ်လိုက်ပါ၍ ပြပွဲလေ့လာမှုများနှင့် အတွေ့အကြုံများကို ရယူဆောင်ရွက်ပါသည်။ စုစုပေါင်း မြန်မာနိုင်ငံမှ (၅) ဦး လာရောက်ခဲ့ပြီး အဆိုပါကုမ္ပဏီများ ပါဝင်ပြသမှုနှင့် လေ့လာမှုအတွက် မြန်မာနိုင်ငံရှိ Helvetas အဖွဲ့အစည်း၏ Bio Trade စီမံကိန်းက စရိတ်မျှခံ ပံ့ပိုးပေးခြင်းဖြစ်ပါသည်။

ပြပွဲကာလအတွင်း မောရှမ်းကုမ္ပဏီအနေဖြင့် ဂျာမနီနှင့်ပိုလန်နိုင်ငံ အဝယ်တော်ကုမ္ပဏီများနှင့် မြန်မာအော်ဂဲနစ်လက်ဖက်ခြောက်များ တင်ပို့ရောင်းချနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ကာ ဆက်လက်ဆွေးနွေးညှိနှိုင်းသွားရန်ရှိပါသည်။ မောရှမ်းကုမ္ပဏီသည် လက်ရှိတွင် ဂျာမန်ကုမ္ပဏီများဖြစ်သည့် Chardo နှင့် Tee Gschwendner ကုမ္ပဏီများသို့ မြန်မာအော်ဂဲနစ်လက်ဖက်ခြောက်များတင်ပို့လျှက်ရှိပြီး အီးယူဈေးကွက်ပိုမိုရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျှက်ရှိပါသည်။ Yatha Waddi ကုမ္ပဏီ၏ ပလိုင်းအော်ဂဲနစ် လက်ဖက်ကိုလည်း စိတ်ဝင်စားသူများပြားကာ အထူးသဖြင့် လက်ဖက်အနှစ်တွင် သီဟိုစေ့အမှုန့်၊ ဇန်ဒါစေ့အမှုန့်နှင့် သံလွင်ဆီတို့ထပ်မံရောစပ်၍ ဘီစကစ်မုန့်ချပ်၊ ပေါင်မုန့်တို့ဖြင့် မိတ်ဆက်စားသုံးမှုပုံစံကို နှစ်သက်ကြကြောင်း တွေ့ရှိရပါသည်။

ပြပွဲမတိုင်မီနှင့် ပြပွဲပြီးနောက် ခရီးစဉ်များအတွင်း မြန်မာအဖွဲ့သည် လက်ရှိ ဂျာမန်အဝယ်တော်ကုမ္ပဏီများဖြစ်သည့် Chardo နှင့် Tee Gschwendner ကုမ္ပဏီရုံးချုပ်များတည်ရှိရာ ဘရီမင်မြို့ (Bremen) နှင့် ဘွန်းမြို့ (Bonn) များသို့ သွားရောက်တွေ့ဆုံဆွေးနွေးမှုနှင့် ထုတ်လုပ်မှုနေရာဒေသများအား လေ့လာမှုများ၊ လယ်သမားအထောက်အကူပြုအစီအစဉ်များနှင့် ထုတ်ကုန်အရည်အသွေးပိုင်းဆိုင်ရာ ဆောင်ရွက်သင့်သည်များအတွက် Helvetas အဖွဲ့အစည်းပါဝင်၍ ဆွေးနွေးမှုများ၊ Business matching များကိုလည်း ပြုလုပ်ခဲ့ကြပါသည်။

စီးပွားရေးသံမှူးအနေဖြင့် မြန်မာကိုယ်စားလှယ် အဖွဲ့မလာရောက်မီ လိုအပ်သည့်ဗီဇာများရရှိရေး၊ လာရောက်သည့်ကာလအတွင်း တည်းခိုမှုနှင့် Logistics ပိုင်း စီစဉ်ဆောင်ရွက်မှုများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဂျာမနီနိုင်ငံအပါအဝင်

TIR

အီးယူအဖွဲ့ဝင်နိုင်ငံများရှိ Tea companies များသို့ မြန်မာကုမ္ပဏီများပါဝင်ပြသမှုကို ဆက်သွယ်အကြောင်းကြားခြင်းများ၊ ပြပွဲကာလအတွင်း ဇူလိုင်လ (၂၉) ရက်နေ့တွင် နူရင်ဘတ်မြို့ရှိ ပြပွဲသို့သွားရောက်၍ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ မြန်မာထုတ်ကုန်များ ဈေးကွက်ချိတ်ဆက်နိုင်မှု အခြေအနေအားလေ့လာခြင်း၊ Helvetas ရုံးချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကို ပြုလုပ် ဆောင်ရွက်ခဲ့ပါသည်။

Biofach Organic ပြပွဲကို ၁၉၉၀ ခုနှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ်ပြပွဲသို့ နိုင်ငံပေါင်း (၉၄) နိုင်ငံမှ လာရောက်ပြသသူ (Exhibitors) ပေါင်း (၂၂၇၆) ဦး ရှိခဲ့ပါသည်။ လာရောက်ကြည့်ရှုလေ့လာသူများ (Trade visitors) အနေဖြင့် နိုင်ငံပေါင်း (၁၃၇) နိုင်ငံမှ (၂၄၀၀၀) ဦး ရှိခဲ့ပါသည်။ ၂၀၂၃ ခုနှစ်အတွက် Biofach Organic ပြပွဲကို (၁၄-၂-၂၀၂၃) မှ (၁၇-၂-၂၀၂၃) ရက်နေ့အထိ ကျင်းပရန်စီစဉ်ထားရှိပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)**

**Source: https://www.biofach.de/en**

## STOCK EXCHANGE (5.8.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Aug. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,100 | +0 | +0.00% | 7,100 | 7,200 | 7,100 | 130 | 925,000 | 33,109,694 | 235,079 |
| MTSH | 00002 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 2,517 | 6,292,500 | 38,929,150 | 97,323 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 13 | 91,000 | 10,400,986 | 72,807 |
| FPB | 00004 | 18,000 | +500 | +2.86% | 18,000 | 18,000 | 18,000 | 4 | 72,000 | 2,472,053 | 44,497 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 128 | 300,800 | 12,823,224 | 30,135 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 14 | 34,300 | 19,977,223 | 48,944 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 20 | 100,000 | 10,497,598 | 52,488 |

### Market summary

As of 5th Aug. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 334.14 | +0.71 | +0.21% | 334.14 | 336.04 | 334.14 | 2,826 | 7,815,600 | 7 | 581,273 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 5th Aug. 2022

| MYANPIX | 334.14 ▲ 0.71 |
|---|---|
| Total Volume (shares) | 2,826 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 581,273 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,100 | ▲ 0 |
| MTSH | 00002 | 2,500 | ▲ 0 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 500 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |

TIR